စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
တနိုင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှတ်တမ်း(၂၀၁၈-၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီ

ရွာသစ်ကုန်းကျေးရွာ၊ တနိုင်းမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ် စက်တင်ဘာလ

မာတိကာ

၁။တည်နေရာနှင့်ပထဝီအနေအထား

၂။ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

၃။ကျေးရွာရှိကဏ္ဍာအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က)ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ)စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

(င)ပညာရေး

(စ)ကျန်းမာရေး

(ဆ)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ)ကျား-မရေးရာ

၄။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁)-ဖွံ့ဖြိုးရေးဗျူဟာဇယား

နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

CamScanner

၁။တည်နေရာနှင့်ပထဝီအနေအထား

ရွာသစ်ကုန်းကျေးရွာသည် ကချင်ပြည်နယ်မြစ်ကြီးနားခရိုင်၊ တနိုင်းမြို့နယ် မိုင်ခွန်ကျေးရွာအုပ်စု ၊တနိုင်းမြို့၏ အနောက်တောင်ဘက်တွင်ရှိပြီး တနိုင်းမြို့မှ (၅)မိုင်ခန့်အကွာ နန်ဗျူးချောင်းဘေးတွင်တည်ရှိပါသည်။ကျေးရွာသည် မြေပြန့်တွင်တည်ရှိပြီး ကျေးရွာပတ်လည် တွင်အင်းများရှိခြင်းကြောင့် မိုးတွင်းကာလတွင် ရေလွှမ်းမိုးမှုကို နှစ်စဉ်ခံရပါသည်။ ကျေးရွာသည် တနိုင်း-မိုင်ခွန်လမ်းပေါ်တွင် တည်ရှိပါသည်။ ကျေးရွာသည်၂၀၁၉ ခုနှစ်မှစ၍ လီဆူအများစုနှင့် ရခိုင်၊ဗမာ၊ကချင်၊ကရင်လူနည်းစု တို့သည်အလွှာ ပေါင်းစုံ လူမျိုးပေါင်းစုံ နေထိုင်ကျပါသည်။

၂။ရာသီ ဥတုနှင့်သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန်လက်မ (၁၁၅) ခန့်ရရှိသည်။ သဘာဝပေါက်ပင်များမှဝါးပင်နှင့် ငှက်ပျောပင်အနည်းငယ်သာရှိပါသည်။ မိုးစပါးသီးနှံ စိုက်ပျိုးနိုင်သော လယ်ဧက(၂၄၈)ဧက၊တောင်ယာ(၂၈)ဧက၊ဥယျာဉ်(၈၅၃) ဧကရှိပြီး စပါးနှင့်ဟင်းသီးဟင်းရွက်များ စိုက်ပျိုးနိုင်ပါသည်။ ကျေးရွာပတ်ဝန်းကျင်ရှိ အင်းများ၊ ချောင်းများရှိသော်လည်း ၄င်းတို့မှ ရေကိုစိုက်ပျိုးရေးအတွက် အသုံးပြုနိုင်ခြင်းမရှိသေးဘဲ မိုးရေသာအားကိုး၍ စိုက်ပျိုးနေရပါသည်။ သဘာဝဆေး ဖက်ဝင်အပင်များရှားပါးလာပါသည်။

၃။ကျေးရွာရှိကဏ္ဍာအသိုးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာတွင် အဖွဲ့ပေါင်း(၅)ဖွဲ့ရှိပြီးစီးပွားရေးကို အခြေခံသောအဖွဲ့(၁)ဖွဲ့ရှိ၍ လူမှုရေးနှင့်ဘာသာရေးပူးတွဲလုပ်ဆောင်နေသောအဖွဲ့(၄)ဖွဲ့ရှိပါသည်။၄င်းအဖွဲ့များကိုသုံးသပ်ရာတွင် ကျေးရွာမှမိမိတို့ကိုယ်တိုင်လိုအပ်ချက်အရဖွဲ့စည်းသောအဖွဲ့များသည်တာဝန်ယူမှု၊တာဝန်ခံမှု အပြည့်အဝရှိပြီးလူထုနှင့်လည်းအချင်းချင်း အပြန်အလှန် ယုံကြည်မှုရှိပါသည်။ လုပ်ငန်းလုပ်ဆောင်မှုကောင်းမွန်ပြီးကြာရှည်လည်းရပ်တည်နိုင်ကြသည်။ပြင်ပအဖွဲ့အစည်းများ မရှိကြောင်းတွေ့ရှိရပါသည်။ သက်ဆိုင်ရာစီမံချက်လုပ်ငန်းအကောင်းအထည်ဖော်ရုံသဘောမျှသာဖွဲ့စည်းထားသည့်ပုံစံဖြစ်ပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန်မိရိုးဖလာဖွဲ့စည်းထားသော အဖွဲ့အစည်းများကအားကောင်းကြသော်လည်း ကျေးရွာဖွံ့ဖြိုးရေးကို ကောင်းစွာဦးဆောင် စီမံခန့်ခွဲနိုင်သောအဖွဲ့အစည်းစနစ်တကျမရှိသေးပါ။ကျေးရွာအတွင်းအဖွဲ့အစည်းများစွာရှိသော်လည်းတစ်ဖွဲ့နှင့်တစ်ဖွဲ့လုပ်ဆောင်ချက်များကိုမသိဘဲ အဖွဲ့အစည်းအချင်းချင်းချိတ်ဆက်မှုမရှိဘဲ အားနည်းနေပါသည်။

CamScanner

(၈) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ

ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းမှာ ပယင်းတူးခြင်းနှင့်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပါသည်။ ပယင်းတူးဖော်ရာတွင် ကိုယ်တိုင်တူးခြင်းနှင့် ကျင်းသားလုပ်ခြင်း အချို့မှာကုန်ရောင်းကုန်ဝယ် လုပ်ကိုင်ကြပါသည်။ကျင်းသားလုပ်ရာတွင် လုပ်အားခအနေဖြင့် သုံးပုံတစ်ပုံရသည်ဟု သိရသည်။ အချို့မှာ တနိုင်းမှ ပယင်းမှော်ထဲသို့ ကုန်ရောင်းကုန်ဝယ် လုပ်ကိုင်ကြပါသည်။မိုးရာသီတွင်နှစ်စဉ် မိုးစပါး စိုက်ပျိုးနိုင်ကြသည်။ ကျေးရွာ၏အဓိကစိုက်ပျိုးသီးနှံသည် မိုးစပါးတစ်မျိုးထဲသာ ဖြစ်ပါသည်။ကျေးရွာတွင်လယ်(၂၄၈)ဧက၊ တောင်ယာမြေ(၂၈)ဧက၊ ဥယျာဉ်ခြံမြေ(၈၅၃)ဧက စုစုပေါင်း(၁၁၂၉)ဧကရှိပါသည်။ စိုက်ပျိုးမြေများမှာ မြေဆီလွှာအရည်အသွေး အသင့်အတင့် ရှိပါသည်။ စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်မြေလပ်မရှိပါ။ မိုးတွင်းအခါ နန်ဗျူချောင်းရေသည် ကျေးရွာပတ်လည်ရှိ အင်းကောများတွင် ဝင်ရောက်နေသော်လည်း စိုက်ပျိုးရေအဖြစ် အသုံးမပြုနိုင်ခြင်းကြောင့် မိုးရေကိုသာအဓိကထားပြီး စိုက်ပျိုးနေရပါသည်။ နန်ဗျူချောင်းရေမှရေကို စိုက်ပျိုးရေအဖြစ်အသုံးပြုနိုင်ပါက စိုက်ပျိုးရေးအတွက် အဆင်ပြေလာ နိုင်မည်ဖြစ်ပါသည်။ စပါးတစ်ဧက အနည်းဆုံး(၃၅)တင်းမှ အများဆုံးတင်း(၅၀)အထိထွက်ရှိပြီး ပျမ်းမျှတစ်ဧက(၄၅)တင်းနှုန်းထွက်ရှိပါသည်။မိုးစပါးကို ဇူလိုင်လတွင် စတင်ပျိုးထောင်စိုက်ပျိုးကြပြီး နိုဝင်ဘာလတွင်ရိတ်သိမ်းကြပါသည်။ရာသီဥတုမှန်လျှင်သော်လည်းကောင်း၊ စပါးသီးချိန်တွင်ချောင်းရေမကြီးပါကစပါး အထွက်နှုန်းအသင့်အတင့်ရှိပါသည်။

ဥယျာဉ်ခြံစိုက်ပျိုးနိုင်သောမြေ(၁၀)ဧကရှိပြီး နှစ်ရှည်ပင်များဖြစ်သော ငှက်ပျော၊ နာနတ်၊ သရက်၊ ဓညင်းပင်များ စိုက်ပျိုးနိုင်သော်လည်နှစ်စဉ်ရေကြီးသဖြင့် ဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းပါ။ စီးပွားဖြစ်စိုက်ပျိုးလေ့မရှိဘဲ အိမ်စားသုံးရန်အတွက်လောက်သာ စိုက်ပျိုးရာတွင် နည်းစနစ်တကျမစိုက်ပျိုးတတ်သဖြင့်သီးနှံများထွက်သင့်သလောက်မထွက်ပါ။ မိရိုးဖလာစိုက်ပျိုးလာသောဖော်ပြပါသီးနှံများကိုသာ စိုက်ပျိုးနိုင်ကြပြီး အခြားဈေးကွက်ဝင်သီးနှံရွေးချယ်စိုက်ပျိုးနိုင်ခြင်းမရှိပါ။စပါးအား ဇွန်လမှ စက်တင်ဘာလအထိ စိုက်ပျိုးကြပြီး ကျန်လများတွင် ကျပန်းအလုပ်များ လုပ်ကိုင်စားသောက်နေရပါသည်။သီးနှံထုတ်လုပ်မှုမှဝင်ငွေနည်းသည့်အတွက်လူငယ်များသည် ပြင်ပသို့ထွက်၍ ဝင်ငွေရှာကြရပါသည်။

ကျေးရွာအနီး သယံဇာတအနေဖြင့်ကျေးရွာမှ(၉)မိုင်ကျော်တွင် ပယင်းတူးဖော်ရရှိနိုင်သဖြင့် ပယင်းမှော်တွင် တနိုင်တပိုင်ကျောက်တူးသွားကြရပါသည်။ကျေးရွာတွင်မြေယာမဲ့ (၅၄) အိမ် ၊ ဆင်းရဲသားတောင်သူ (၈၀) အိမ်၊တောင်သူငယ်(၂၅)အိမ်၊တောင်သူလတ်(၇)အိမ်နှင့်တောင်သူကြီးအိမ်မရှိပါ။မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူသည်အရေအတွက်အားဖြင့်(၁၅၂)အိမ်ရှိပြီး၊တောင်သူ

လတ်နှင့်တောင်သူကြီးမှာအရေအတွက်မှာ(၇)အိမ်သာရှိသဖြင့်မြေယာပိုင်ဆိုင်မှုမှအလွန် ကွာဟချက်ရှိကြောင်းတွေ့ရပါသည်။မြေယာပိုင်ဆိုင်မှုမညီမျှမှုရှိကြောင်းတွေ့ရပါသည်။

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါး မွေးမြူကြသော်လည်း စီးပွားဖြစ်မွေးမြူထားလေ့မရှိပါ။နွားကိုမွေးမြူသောအိမ်ထောင်စု(၅)စုမှနွားကောင်းရေ(၂၀)ကောင်၊နို့စားနွားကိုအိမ်ထောင်စု(၁)စုမှ(၁)ကောင်၊ဝက်ကိုအိမ်ထောင်စု(၅၃)အိမ်မှ ဝက်ကောင်ရေ (၇၆)ကောင်း၊ ကြက်ကိုအိမ်ထောင်စု (၉၆)အိမ်မှ အကောင်းရေ (၄၉၃) ကောင်း၊ ဘဲကို(၇)အိမ်မှ အကောင်ရေ (၂၀)ကောင်၊ကျွဲကိုအိမ်ထောင်စု (၂)စုမှ(၁၀)ကောင်၊ဆိတ်ကိုအိမ်ထောင်စု (၁)စုမှ(၂)ကောင်၊ သိုးကိုအိမ်ထောင်စု (၁)စုမှ(၂)ကောင်မွေးမြူထားရှိကြောင်းတွေ့ရပါသည်။ မွေးမြူရေးနှင့်ပက်သက်၍ ဈေးနှင့်နီးပြီး ဈေးကွက်အလုံအလောက်ရှိပြီး တိုးမြှင့်မွေးမြူလိုသော်လည်း အရင်းအနှီး နည်းပါးခြင်း၊ မိုးတွင် ရေကြီးခြင်း၊ ရာသီအကူးအပြောင်းတွင်တိရိစ္ဆာန်ရောဂါကို ကာကွယ်သည့် နည်းပညာဗဟုသုတမရှိခြင်းတို့ကြောင့် နှစ်စဉ်ရှုံးဆုံးမှုများနှင့် ရင်ဆိုင်ခဲ့ရပါသည်။ သားသတ်လိုင်စင်များ၏ ခေါင်းပုံ အဖြတ်ခံရခြင်း ၊လွတ်လပ်စွာရောင်းချခွင့် မရှိခြင်း ၊ ဈေးကောင်းမရခြင်း ၊အကျိုးအမြတ်နည်းနေမှု ပြဿနာ များရှိပါသည်။

(ဂ)အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာအတွင်းလက်တူတွင်း(၁၁)တွင်းရှိပြီးအိမ်တိုင်နီးပါ၌ အဝိစီတွင်းတုံကင်ရေ ကိုသာအသုံးပြုကြပြီးရေအရည်အသွေးကောင်း/မကောင်းမသိကြပါ။ထိုကြောင့် သောက်ရေအရည်အသွေးစစ်ဆေးရန်လိုအပ်ပါသည်။ရေလုံလောက်မှုရှိပါသည်။အဝိစီတွင်း တုံကင်ရေသည် သံချေးပါရှိနေသဖြင့်ရေစစ်၍ သောက်သုံးရသဖြင့် လက်တူးတွင်းများတူးဖော်ပေးရန်လိုအပ်ပါသည်။

ကျေးရွာတွင်မူလတန်းကို ၂၀၁၀ခုနှစ်တွင် ကိုယ်ထူကိုယ်ထစတင်ဖွင့်လှစ်၍ ၂၀၁၅ခုနှစ်တွင် မူလတန်းခွဲကိုဖွင့်လှစ်ခွင့်ရရှိ၍ မူလတန်းကျောင်းသူ/ကျောင်းသားဦးရေ(၁၂၂)ခန့် ရှိပါသည်။ကျောင်းဆောင်(၁)ခုမှာ ကိုယ်ထူကိုယ်ထကျောင်းဖြစ်၍ ကျောင်းဆောင်မှ ထရံကား၊သွပ်မိုး၊ သံမန်သလင်းခင်းကျောင်းဖြစ်ပါသည်။ အဓိုးရမှချပေးထားသော တစ်ထပ်ကျောင်းဆောင်အားဆောက်လုပ်နေဆဲဖြစ်သည်။သွပ်မိုး၊ အုပ်တက်၊ သံမန်သလင်းခင်း ဖြစ်သည်ဟုသိရပါသည်။ ကျောင်းခြံစည်းရိုးမရှိခြင်း၊ သင်ထောက်ကူပစ္စည်းများလိုအပ်ခြင်း ၊အဓိကမိုးတွင်းတွင် ကျောင်းသွားလမ်းမှမြေသားလမ်း ဖြစ်ခြင်းကြောင့်ကလေးငယ်များရွံ့ထူး သောလမ်းသွားရခြင်း၊ မူကြိုကျောင်း စနစ်တကျမရှိသေးခြင်းကြောင့် မူကြိုကျောင်းရရှိရန် လိုအပ်ပါသည်။ ရွာတွင်းလမ်းများမှာ မြေသားလမ်းဖြစ်ခြင်းကြောင့် မိုးတွင်းအခါသွားလာရေးခက်ခဲပါသည်။ ကျေးရွာရှိလမ်းများသည် တနိုင်း-မိုင်ခွန်လမ်းမနှင့်ဆက်သွယ်ထားသော လမ်းများဖြစ်သောကြောင့်

လမ်းသွယ်များအဝင်လမ်းများသည် မိုးတွင်းရေစီးဆင်းမှုမရှိသဖြင့် အချို့နေရာများတွင် ရေသည် (၂) ပေကျော်(၃)ပေခန့်ရှိသဖြင့် ရေကြီးချိန်သွားလာရေးအဆင် ပြေရန်အတွက် ရေပြွန်တံတားများ ပြုလုပ်ပေးရန်လိုပါသည်။ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေမှာ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိပါ၊ အနီးဆုံး(၃)မိုင်အကွာတွင် ကျေးလက်ဆေးပေးခန်းရှိပါသည်။ အရေးပေါ်ကိစ္စများဖြစ်ပါက တနိုင်းမြို့ပြည်သူ့ဆေးရုံသို့သွား၍ ကုသရသဖြင့် သွားလာရန်အတွက် အလွန်ခက်ခဲမှုရှိပါသည်။ ထို့ကြောင့်အရေးပေါ်ယာဉ်လိုအပ်ပါသည်။ ကျေးရွာရှိ ယင်လုံအိမ်သာကို (၁၁၇)အိမ်၊တွင်းရှိ (၃)အိမ်နှင့်အိမ်သာမရှိ (၇)အိမ်ရှိသည်ကို တွေ့ရှိရပါသည်။ယင်လုံအိမ်သာမသုံးစွဲနိုင်သောအိမ်(၃၁)အိမ် ရှိကြောင်းတွေ့ရှိရပါသဖြင့် ယင်လုံအိမ်သာများ ဆောက်လုပ်ပေးရန်လိုအပ်ပါသည်။ ကျေးရွာတွင် မဟာဓါတ်အားလိုင်မရှိပါ။ ဆိုလာအသေးစားများဖြင့် သုံးစွဲသူ(၁၂၆)အိမ်ထောင်စု ၊ ဒီဇယ်အင်ဂျင်သုံးစွဲသူ(၇)အိမ်ထောင်စု ၊အခြားနည်းသုံးစွဲသူ (၁၅) အိမ်ထောင်စုရှိပြီး ဓိဝလောင်စာသုံးစွဲသူမရှိပါ။ ဆိုလာစနစ်သုံးစွဲသူ (၁၂၆)အိမ်ထောင်စုမှာရာသီဥတုမကောင်းပါကအားမပြည့်ပါ။ စာကြည့်မီးအတွက်သာ အသုံးပြုနိုင်ပြီး ကျန်အိမ်သုံးလျှပ်စစ်ပစ္စည်းများ အသုံးပြု၍ မရနိုင်သောကြောင့် အခက်အခဲများရှိပါသည်။ အင်ဂျင်မီးစက်အသုံးပြုရာတွင် ဆီဖိုးနှင့်ပြုပြင် ထိန်သိမ်းစရိတ်ကုန်ကျမှုများပါသည်။ကျန်အိမ်ထောင်စု (၁၅) အိမ်ထောင်စုမှဖယောင်းတိုင်ကို အသုံးပြုရသောကြောင့် စာကြည့်မီးအလင်းရောင်သာရရှိပြီး အလင်းရောင်လုံလောက် မှုမရှိပါ။ မီးဘေးအန္တရာယ်လဲရှိပါသည်။ကျေးရွာတွင် ကျေးရွာလမ်းကြား (၇)လမ်းနှင့် တံတား(၁)စင်းရှိသည်။ ရွာတွင်းလမ်းကြားများမှာ မြေသားလမ်းများဖြစ်၍ မိုးတွင်းကာလတွင် ရွံ့ဗွက်များရေအိုင်များရှိခြင်းကြောင့် သွားလာရေးအဆင်မပြေသဖြင့် လမ်းများခင်းပေးနိုင်ရန်လိုအပ်ပါသည်။

ကျေးရွာစျေးမရှိပါ။ကျေးရွာတွင် အိမ်ဆိုင်(၅)ဆိုင်သာရှိပါသည်။ကျေးရွာနှင့်(၆) မိုင်ဝေးကွာသော စျေးတွင်လိုအပ်သောပစ္စည်းများကိုသွားရောက်ဝယ်ယူသုံးစွဲရပါသည်။

(ဃ)ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု

ကျေးရွာတွင်အစိုးရစိုက်ပျိုးရေးဘဏ်မှချေးငွေရရှိပါသည်ပုံစံ(၇)ရှိသောလယ်တစ်ဧကလျှင် (၁၅၀၀၀၀)ကျပ်နှင့်အများဆုံးချေးငွေရရှိနိုင်ပါသည်။ချေးငွေကာလမှာ၆-၈လဖြစ်ပါသည်။ ရွာသစ်ကုန်းကျေးရွာတွင် တောင်သူအနည်းငယ်သာချေးငွေရရှိပြီး အများစုမှပုံစံ(၇)မရှိသောကြောင့် ချေးယူ၍ မရပါ။ပုံစံ (၇)ရှိသူ (၁၀)ဦးသာရှိသည်ဟုသိရပါသည်။ သီးနှံစိုက်ခင်းများအထွက်နှုန်းကောင်းသည်ဖြစ်စေ၊မကောင်းသည်ဖြစ်စေ သတ်မှတ်ကာလတွင် စိုက်ပျိုးစရိတ်ချေးငွေအားပြန်လည်ပေးဆပ်ကြရသည်။ ကျေးရွာမြစိမ်းရောင်ချေးငွေမှာ အတိုးနှုန်းသက်သာစွာ

ရရှိပါသည်။အပေါ်ခံမလိုသော်လည်းကာလတိုးချဲ့ဆွေးဖြစ်ပါသည်။လိုသလောက်တော့မရရှိပါ။ နိုက်ပျိုးနိုင်ရန် အရင်းအနှီးအနေဖြင့် ချေးငွေရရှိလိုကြသည်။

(စ)သည်ဘာရေး၊

ကျေးရွာတွင်(၅)နှစ်အလယ် လူဦးရေ(၆၃၅)ယောက်ရှိသည့်အနက် စာမတတ်သူ(၄၃)ဦး (ကျား၂၂+မ၂၁) မူလတန်းအဆင့် အတန်းပညာပြီးမြောက်သူ (၁၀၂)ဦး (ကျား၄၈+မ၅၄)။ အလယ်တန်းအဆင့် အတန်းပညာပြီးမြောက်(၅၃)ဦး(ကျား၃၀+မ၂၃)။ အထက်တန်းအဆင့်အတန်း ပညာပြီးမြောက်သူ(၂၈)ဦး(ကျား၁၇+မ၁၁)။တက္ကသိုလ်၊ကောလိပ်အဆင့် အတန်းပညာပြီးမြောက်သူ (၈)ဦး(ကျား၄+မ၄)ရှိသဖြင့် ကျေးရွာ၏စာတတ်မြောက်မှုအဖြေအနေအသင့်အတင့်ရှိပါသည်။ အမျိုးသားများသည်အမျိုးသမီးများထက် ပညာတတ်မြောက်သူဦးရေပိုများသည်ကိုတွေ့ရပါသည်။ ကျေးရွာတွင် မိသားစုစား၀တ်နေရေး အဆင်မပြေ၍ ကျောင်းမတက်နိုင်သူများလည်းရှိပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းသာရှိပါသည်။ကျောင်းဆောင် ၂ဆောင်သာရှိပြီး တစ်စုမှာ ကိုယ်လူကိုယ်ထဆောက်လုပ်ထားပြီး တစ်စုမှာ အစိုးရမှရှုမှတ်ပေးထားပြီး ဆောက်လုပ်နေဆဲ ဖြစ်ပါသည်။ကျောင်းအကျယ်အဝန်းမှာ(၄၃၃၅၆၀)စတုရန်းပေရှိပါသည်။ ကျောင်းဖြိစည်းရိုးအား ကျောင်းအနောက်ဖက်နှင့် ဘေးတစ်ဖက်တွင်း သံဧကာကွက်စတ်ထားပြီး အရှည်(၇၀၀)ပေ ရှိသည်ဟုသိရပါသည်။မူကြို၊ကျောင်းစနစ်တကျမရှိသေးပါ။ကျောင်းတွင် အစိုးရစန့် ဆရာ/ဆရာမ (၄)ဦးနှင့်မိဘစန့်(၁)ဦးရှိပါသည်။ကျောင်းဆရာ/မ မလုံလောက်ခြင်းကြောင့် မိဘစန့်အားကျေးရွာမှာ ငှါးထားရသဖြင့် ကျောင်းဆရာ/မလုံလောက်စွာ ချထားပေးရန်လိုအပ်ပါသည်။ ကျောင်းဆရာမ (၂)ဦးမှာ ရပ်ဝေးမှလာ၍ တာ၀န်ထမ်းဆောင်ခြင်းကြောင့် နေထိုင်ရေးအဓက်ခဲဖြစ်ကြသည်။ကျေးရွာ တွင်အိမ်ငှား၍နေကြသည်။ ဆရာ/မနေအိမ်မရှိသေးကြောင်းသိရသည်။ ကျောင်းအိမ်သာ (၄)လုံးမှာ သွပ်မိုး ၊ဘူဥကာဖြင့်ဆောက်လုပ်ထားပြီး (၂)လုံးမှာပျက်စီးနေပြီဖြစ်ပါသည်။ ကျောင်းခြံ စည်းရိုးမရှိခြင်း၊ သင်ထောက်ကူပစ္စည်းများလိုအပ်ခြင်း ကျောင်းအိမ်များလိုအပ်ပါသည်။ ကျောင်းတွင်ရေတွင်း (၁)တွင်းလက်နှိပ်တုံကင်မှ ရေကိုအသုံးပြုနေရပါသည်။ မိုးတွင်းအဓါ ကျောင်းသွားလမ်း တွင်ရေကျော်နေခြင်းနှင့် ရွံဖွယ်ထူးထပ်ခြင်းကြောင့်ကျောင်းသူ/ကျောင်းသား ကလေးငယ်များသွားလာရေးအဓက်အခဲများရှိပါသည်။ ကျေးရွာရှိအလယ်တန်း၊ အထက်တန်း ကျောင်းသားများသည် ကျေးရွာမှ(၄)မိုင်အကွာအဝေးရှိ အထက်တန်းကျောင်းသို့သုံးဘီးဆိုင်ကယ် ဖြင့်သွားရောက်၍ ကျောင်းတက်ကြရပါသည်။ အလယ်တန်း၊ အထက်တန်းကျောင်းသား အများစုသည် တနိုင်းဖြို့ပေါ်ကျောင်းသို့သွာလာရာတွင် ရွာမှသုံးဘီးဆိုင်ကယ်အား လစဉ်ကြေး

တစ်လလျှင် (၁၅၀၀၀) ကျပ်ပေး၍ ကျောင်းတက်ကြရသည်။ ထို့ကြောင့် ကျောင်းသား/သူများ ကျောင်းသွားလာရေးအဆင်ပြေစေရန် ကျောင်းကားများစီစဉ်ပေးရန်လိုအပ်ပါသည်။

(စ)ကျန်းမာရေး

ကျေးရွာတွင် ရာသီအလိုက်ဖြစ်ပွားသောရောဂါများသာ ဖြစ်ပွားလေ့ရှိပါသည်။ အဖြစ်များသောရောဂါများမှာ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနိမ့်ပါသည်။ မိုးတွင်းကာလတွင်ကျေးရွာအတွင်းရေဝပ်ခြင်းနှင့်ခြုံပုတ်များရှိခြင်းကြောင့် သွေလွန်တုတ်ကွေး၊ ငှက်ဖျားရောဂါ အဖြစ်များပါသည်။အသက်ရှူလမ်းကြောင်းကူးစက်ရောဂါနှင့်လိင်မှတဆင့်ကူးစက်နိုင်သောရောဂါ၊တီဘီရောဂါနှင့် အာဟာရချို့တဲ့မှုရောဂါများဖြစ်ပွားမှုနိမ့်ပါသည်။ ဓါတုဆေးဝါးပါသော အစားအစားများကို နေ့စဉ်မလွဲမရှောင်သာစားသောက်နေရခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သည့် အလေ့အထမရှိခြင်းတို့ကြောင့်ဆီးချိုသွေးချို၊ သွေးတိုးရောဂါများအဆိုးဆုံးဖြစ်ပွားပြီး ကျန်းမာရေးဆေးကုသစရိတ်ကုန်ကျမှုများကြပါသည်။ကျေးရွာတွင်အခြားကူးစက်နိုင်သောရောဂါများမရှိပါ။လူငယ်များကြားတွင် မူးယစ်ဆေးဝါကြောင့်လူငယ်အများစုပျက်စီးရသည့် ပြဿနာရှိပါသည်။ ကျန်းမာရေးဗဟုသုတလည်းအားနည်းပါသည်။ ထို့ကြောင့် ကျေးရွာကျန်းမာရေး အနေဖြင့် ကျန်းမာရေးပညာပေးသင်တန်း၊ ကျန်းမာရေးအတွက်လေ့ကျင့်ခန်းသုံးကရိယာများနှင့်အားကစားကွင်းများလိုအပ်ပါသည်။ကျေးရွာတွင် ကာကွယ်ဆေးများကိုပုံမှန်ထိုးပေးလေ့ရှိပါသည်။

ကျေးရွာတွင်ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျေးရွာနှင့်အနီးဆုံး(၅)မိုင်အကွာအဝေးသောတနိုင်းမြို့ပြည်သူ့ဆေးရုံးသို့သွားရောက်ရပါသည်။ကိုယ်ဝန်ဆောင်များညအချိန်မတော် မွေးဖွားပါက အရပ်လက်သည်နှင့်သာမွေးကြရသည်ဟုသိရပါသည်။ အရေးပေါ်ကိစ္စဖြစ်ပါက ကျေးရွာတွင် ကျန်းမာရေးဆရာမ မရှိခြင်းကြောင့် အခက်ခဲများစွာရှိပါသည်။ ကျေးလက်ဆေးပေးခန်းနှင့် ကျန်းမာရေးဆရာ/မများ ခန့်ထားပေးရန်လိုအပ်ပါသည်။ တနိုင်းမြို့နယ် ဆေးရုံသို့သွားသောလမ်းသည် ကောင်းသော်လည်းအရေးပေါ် သွားလာရန်ယာဉ်မရှိသောကြောင့် အရေးပေါ်ကိစ္စများအတွက် များစွာအခက်အခဲရှိပါသည်။ ထို့ကြောင့် အရေးပေါ်ယာဉ်လိုအပ်ပါသည်။

(ဆ)ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် မြေဆီသြဇာ အခြေအနေအသင့်အတင့်ရှိပါသည်။ပတ်ဝန်းကျင်းတွင်သဘာဝသံယံဇာတထုတ်ယူသုံးစွဲသဖြင့် ရာသီဥတုဖောက်ပြန်မှုများဖြစ်ပေါ်ပါသည်။လူအသုံးဝင်သော အပင်မျိုးစိတ်များမှ ဝါးၢသစ်များကို စည်းကမ်းမဲ့ထုတ်ယူသုံးစွဲခြင်းနှင့်ထိန်းသိမ်းမှုအားနည်းခြင်းတို့ကြောင့်ရှားပါးလာပါသည်။ရာသီဥတုဖောက်ပြန်ခြင်း

နှင့်ဓါတုဆေးဝါများကို စနစ်တကျသုံးစွဲခြင်းမရှိသောကြောင့် ဖျက်ပိုးနှင့်ရောဂါကာကွယ်ထိန်းချုပ်တွင်လည်းအန္တရာယ်ရှိမှုမြင့်ပါသည်။သစ်တောပြုန်တီးမှုကြောင့်ရေထွက်နှင့် ရေအရင်းအမြစ်များခမ်းခြောက်လာသဖြင့် ရေအရင်းအမြစ်များအန္တရာယ်ရှိမှုရှိနိုင်ပါသည်။ ဘတ္ထရီဖြင့်ရော့တိုက်ခြင်း၊ ပိုးသတ်ဆေးဘူးခွံများကို လယ်များ၊ချောင်းများတွင် စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့်ငါးမျိုးများပြုန်းတီးလာကြပြီးအန္တရာယ်ရှိမှုမြင့်မားလာပါသည်။ စည်းကမ်းမဲ့ မုဆိုးလိုက်ခြင်းနှင့် ထိန်းသိမ်းမှုမရှိခြင်းကြောင့် အခြားတောရိုင်းတိရိစ္ဆာန်များမှာလည်း ရှားပါးလာပြီးအန္တရာယ်ရှိမှုမြင့်လာပါသည်။ ကျီး၊ ဆတ်၊ တောဝက်၊ တောကြောင်၊ တောကြက်စသည့်အခြားတောရိုင်းတိရိစ္ဆာန်များမှာလဲရှားပါးလာပါသည်။ကျေးရွာတွင်ရေနူတ်မြောင်းမရှိခြင်းကြောင့် ချောင်းရေကျချိန်တွင် ကျေးရွာအတွင်းရှိ အင်းထဲတွင်ရေဝပ်နေကျန်ရစ်နေပါသဖြင့် အများပြည်သူသွားလာရန်ခက်ခဲပါသည်။မိုးရာသီတွင် မိုးဆက်လက်ရွာသွန်နေပါက ချောင်းထဲမှရေများမြင့်တက်လာပြီးရေကြီးခြင်းဖြစ်ပေါ်လာ၍ စပါးစိုက်ခင်များ ရေနစ်မြုပ်မှုခံရသောကြောင့် တောင်သူများ နှစ်စဉ်ပျက်စီးဆုံးရှုံးမှုနှင့်ခံကျရပါသည်။

(ဇ)ကျား-မရေးရာ

ကျားမဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများကဦးဆောင်လေ့ရှိပါသည်။ကျေးရွာတွင် စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ ခေါင်းဆောင်မှုမရှိသေးပါ။အမျိုးသမီးများသည်ပြည်သူလူထုမှရွေးချယ်တင်မြောက်ကြသော်လည် မိမိကိုယ်မိမိယုံကြည်မှုအားနည်နေသေးသောကြောင့် တာဝန်ယူနိုင်ခြင်းမရှိသေးပါ။ ခေါင်းဆောင်မှု မရှိသေးသော်လဲကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမျိုးသမီးများသည် တက်စွမ်းသမျှပါဝင်လုပ် ဆောင်ခဲ့ကြပါသည်။ကျေးရွာတွင် မိန်းကလေးများ/ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှု(သို့)တိုင်ကြားမှုများမရှိကြပါ။ ကျေးရွာတွင်မူးယစ်ဆေးဝါးသုံးစွဲသူ များပြားပြီးမိသားစုပြိုကွဲသည်အထိ ဖြစ်ပွားကြသည်ဟု သိရသည်။ အိမ်ထောင်ဦးစီးကိုယ်တိုင်မူးယစ်ဆေးဝါးများသုံးစွဲနေခြင်းကြောင့် မိသားစု စားဝတ်နေရေး အဆင်မပြေမှုများလည်းရှိပါသည်။ လူငယ်များမှာလည်း မူးယစ်ဆေးဝါးသားကောင်များဖြစ်နေခြင်း၊ အချို့အမျိုးသမီးများပါသုံးစွဲမှုရှိနေခြင်းကြောင့် မူးယစ်ဆေးဝါးအားအမြစ်ပြတ်ရှင်းလင်းပေးစေလိုကြောင်းသိရသည်။

ကျေးရွာအနီးပတ်ဝန်းကျင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ၊ ထုတ်ကုန်လုပ်ငန်းများသာရှိ၍၄င်းလုပ်ငန်းများတွင်အမျိုးသားနှင့်အမျိုးသမီးတစ်ရက်လုပ်အားခ(၅၀၀၀)တန်တူလုပ်အားခရရှိပါသည်။ကျေးရွာ တွင်ကျား/မလုပ်အားခ သိသာစွာခွဲခြားမှုမရှိဘဲတန်းတူရရှိပါသည်။

၄။ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍာ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ	ဦးစားပေး အဆင့်
၁။	အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း	၁။အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုသင်တန်း ၂။စာရင်းနှင့်မှတ်တမ်းရေးသွင်းနည်းသင်တန်း ၃။အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း ၄။လေ့လာရေးခရီး	၁ ၂ ၃ ၄
၂။	ပညာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ပညာရေးဝန်ထမ်း အင်းအားတိုးမြှင့်ခန့်ထားပေးခြင်း ၂။သင်ထောက်ကူပစ္စည်းများထောက်ပံ့ပေးခြင်း ၃။ကျောင်းအဆင့်မြှင့်ပေးခြင်း ၄။ကျောင်းဆောင်တိုးချဲ့ဆောက်လုပ်ခြင်း ၅။ကျောင်းခြံစည်းရိုးကာရံခြင်း ၆။ကျောင်းသုံးပရိဘောဂ ၇။ပညာရေးဝန်ထမ်းအိမ်ယာ ဆောက်လုပ်ခြင်း	၁ ၂ ၃ ၄ ၅ ၆ ၇ ၈
၃။	ကျန်းမာရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။အရေးပေါ် လူနာတင်ယာဉ် ၂။ကျန်းမာရေးအသိပညာပေးသင်တန်း ၃။တိုင်းရင်း ဆေးသင်တန်း	၁ ၂ ၃
၄။	သောက်ရေနှင့်သန့်ရှင်းမှုဖွံ့ဖြိုးမှုစီမံကိန်း	၁။သောက်ရေ အရည်အသွေးစစ်ဆေးခြင်း ၂။လက်တူးတွင်း များတူးဖော်ပေးရန်	၁ ၂
၅။	လမ်းတံတားနှင့်အခြေခံအဆောက်အဦးဖွံ့ဖြိုးမှုစီမံကိန်း	၁။ကျေးရွာအစည်းအဝေး ခန်းမဆောက်လုပ်ခြင်း ၂။ရွာတွင်းလမ်းများ ပြုပြင်ပေးရန် ၃။ကျေးရွာအဝင်တွင် ရေပြွန်တံတားများ ပြုလုပ်ပေးရန် ၄။ကျေးရွာပတ်လည်တွင်အင်းမှရေနုတ်မြောင်း ဖောက်လုပ်ပေးရန်	၁ ၂ ၃ ၄

CamScanner

၆။	စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။စပါးမျိုးကောင်း မျိုးသန့်ရရှိရေး ၂။လယ်ယာသုံးစက်ကိရိယာ အရစ်ကျရောင်းချခြင်း	၁ ၂
၇။	စိုက်ပျိုးရေးရရှိရေးဖွံ့ဖြိုးမှုစီမံကိန်း	၁။ရေနုတ်မြောင်းတူးဖော်၍စိုက်ပျိုးရေးရရှိအောင်ဆောင်ရွက်ခြင်း	၁
၈။	စိုက်ပျိုးရေးနည်းပညာဖွံ့ဖြိုးရေးစီမံကိန်း	၁။စိုက်ပျိုးရေးနည်းပညာသင်တန်း ၂။ဘက်စုံ ပိုးမွှားကာကွယ်နှိမ်နင်းမှုသင်တန်း ၃။သဘာဝ မြေဆွေးပြုလုပ်နည်းသင်တန်း	၁ ၂ ၄
၉။	မွေးမြူးရေးထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။ကြက်၊ဝက်၊ဘဲ မွေးမြူးရေးတိုးမြှင့်ခြင်း	၅
၁၀။	မွေးမြူးရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။တိမွေးကုမွမ်းမံသင်တန်း	၆
၁၁။	ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုဖွံ့ဖြိုးရေးစီမံကိန်း	၁။အတိုးနှုန်းသက်သာသောနှစ်ရှည်ချေးငွေ	၁
၁၂။	အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖွံ့ဖြိုးမှုစီမံကိန်း	၁။ခေတ်မှီ စက်ကိရိယာတပ်ဆင်ခြင်းလုပ်ငန်း (လက်သမားကိရိယာ၊ပန်းရံ ကိရိယာ၊ စက်ချုပ်ကိရိယာ၊အလှပြင်ဆိုင်ကိရိယာ၊ ရိုးရာယန္တရားကိရိယာ)	၁ ၂
၁၃။	အသက်မွေးဝမ်းကျောင်းနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း	၁။ပန်းပုသင်တန်း ၂။အလှပြင်သင်တန်း ၃။စက်ချုပ်သင်တန်း ၄။ဆိုင်ကယ်၊ကား၀ပ်ရောသင်တန်း ၅။ဖုန်းပြုပြင်ခြင်းသင်တန်း ၆။ပန်းအလှသင်တန်း	၁ ၂ ၃ ၄ ၅ ၆
၁၄	လူငယ်ဖွံ့ဖြိုးရေးစီမံကိန်း	၁။ရိုးရာတီးဝိုင်း ၊ ခေတ်ပေါ်တီးဝိုင်းထူထောင်ခြင်း ၂။ကွန်ပြူတာသင်တန်း ၃။အင်္ဂလိပ်စကားပြောသင်တန်း	၁ ၂ ၃

		၄။မူးယစ်ဆေးကာကွယ်တားဆီးရေးသင်တန်း ၅။အားကစားကွင်း ပြုပြင်ရန်နှင့် အားကစားပစ္စည်းများပံ့ပိုးခြင်း ၆။မူးယစ်ဆေး ကာကွယ်တားဆီးရေး အသိပညာပေးသင်တန်း ၇။လူကုန်ကူး ကာကွယ်တားဆီးရေး အသိပညာပေးသင်တန်း	၄ ၅ ၆ ၇
၁၅။	သယ်ယူပို့ဆောင်ရေးပံ့ပိုးမှုစီမံကိန်း	၁။သုံးဘီး ဆိုင်ကယ်တက္ကစီထူထောင်ခြင်း	၁
၁၆။	သဘာဝဘေးလျော့ပါးရေးပံ့ပိုးမှုစီမံကိန်း	၁။ကျေးရွာပတ်လည်၌ ရေနုတ်မြောင်းတူးဖော်ပေးခြင်း ၂။အရံမီးသတ်တပ်ဖွဲ့ထူထောင်ခြင်း ၃။မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေကန်၊ ရေစုပ်စက်ထားရှိခြင်း	၁ ၂ ၃
၁၇။	သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပံ့ပိုးမှုစီမံကိန်း	၁။အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးခြင်း ၂။ဆေးဖက်ဝင် ဘယဆေး စိုက်ခင်းထူထောင်ခြင်း ၃။လူထုထင်းစိုက်ခင်း ထူထောင်ခြင်း ၄။ကမ္ဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အသိပညာပေးဟောပြောခြင်း ၅။သစ်ပင်စိုက်ပွဲတော်များပြုလုပ်ပေးခြင်း	၁ ၂ ၃ ၄ ၅
၁၈။	အမျိုးသမီးများစွမ်းဆောင်ရည်ပံ့ပိုးမှုစီမံကိန်း	၁။အမျိုးသမီး ကာကွယ်စောင့်ရှောက်နည်းသင်တန်း ၂။အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်း ၃။အမျိုးသမီးဆိပ်တွင်းမှသင်တန်းများ	၁ ၂ ၃
၁၉။	မူဝါဒ	၁။စိုက်ပျိုးမြေများပုံစံ (၇) ရရှိရေး	၁

လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ (၂၅ ဇယား)/ (အချို့မြို့နယ်များတွင် ၄၈ ဇယား)
ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၇	၁၁	၂၈
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၇	၄၅	၈၂
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၅	၇၆	၁၄၁
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၄၃	၃၇	၈၀
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၀၉	၁၈၉	၃၉၈
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၄	၁၂	၁၆
စုစုပေါင်း		၃၇၅	၃၇၀	၇၄၅
စုစုပေါင်း အိမ်ထောင်စု (၁၄၈)		တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၅.၀၃		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း ၁၄၈ ရှိပြီး လူဦးရေပေါင်း ၇၄၅(ကျား ၃၇၅ + မ ၃၇၀) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ ၅.၀၃% ရှိသောကြောင့် လူဦးရေတိုးပွါးမှုမှာ မြန်မာနိုင်ငံ၏စံနှုန်းဖြစ်သော ၅ယောက်နှုန်းနီးပါးရှိသည်ကို တွေ့ရသည်။ ကျေးရွာတွင်နို့စို့အရွယ် ကလေးငယ်စုစုပေါင်း ၂၈ ဦး၊ ၃.၇% သာရှိသဖြင့် ယခုနှစ်များတွင် မွေးဖွါးနှုန်း ကျဆင်းနေကြောင်းတွေ့ရသည်။ ၅နှစ်အောက်ကလေး ၈၂ ဦး (၁၁.၀၀%) ရှိသည် ကိုသိရှိခြင်းအားဖြင့်ကာကွယ်ဆေးထိုးရမည့် ကလေးအရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ်ဆေးထိုးနှုန်မှု အောင်မြင်မှု အခြေအနေကို အလွယ်တကူ တွက်ချက်နိုင်မည်။ မူလတန်းအရွယ် ကလေး ၁၄၁ ဦး (ကျား ၆၅+မ၇၆) နှင့် အလယ်တန်းကျောင်း သားအရွယ် ၈၀ဦး (ကျား၄၃+မ၃၇) သိခြင်းဖြင့် ကျောင်းနေအရွယ်ကလေးတိုင်းကျောင်းနေ နိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ်၃၉၈(ကျား ၂၀၉+ မ၁၈၉)၊ (၅၃.၄%) ရှိသောကြောင့် ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေအသင့်အတင့်များ ပြားသည်ကို တွေ့ရသည်။ ၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းလုပ်ငန်းများ ကျွမ်းကျင်တတ်မြောက်အောင် စွမ်းရည် မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူဖြစ်မည်။ အလုပ်လုပ်ကိုင်နိုင် သောအရွယ်တွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ၂၀ ဦး (၁၀%) နည်းပါနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ်ကြီး ၁၆ဦး (ကျား ၄+မ၁၂)ဦး (၂.၁၄%) ရှိကြောင်းတွေ့ရသည်။ ကျေးရွာသည်လွန်ခဲ့သော(၂၀၀၉)နှစ်တွင် တည်ထောင်ထားသောကျေးရွာဖြစ်ပြီး အမြို့မြို့အနယ်နယ်က လာရောက်ပြီး အခြေချနေထိုင်သူများဖြစ် သောကြောင့် သက်ကြီးရွယ်အိုများ နည်းပါးရခြင်းဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

CamScanner

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၁၀၃	၂၈၁		မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:			၂၇၁	မြင့် ☐ လတ်☑ နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၃	**ငါးလုပ်ငန်း: (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၄	**သစ်တောလုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း:	၄	၁၀		မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:			၁၀	မြင့် ☐ လတ်☐ နိမ့် ☑
၆	**ထုတ်ကုန်လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း:**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆရာဝန်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ၊ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း:				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း:	၂	၂	၃	မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း:				မြင့် ☐ လတ်☐ နိမ့် ☑
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း:**				

	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☑
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အောကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း			၁	မြင့် ☐ လတ်☐ နိမ့် ☑
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၃	၅	၅	မြင့် ☐ လတ်☐ နိမ့် ☑
၂၀	အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၃၆	၄၃	၄၃	
၂၁	ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☑ နိမ့် ☐
	စုစုပေါင်း	၁၄၈	၃၄၁	၃၃၂	☒

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် "မိသားစုဝင်လုပ်အား" ထပ်မံမှတ်ချက်။ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ "ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)" ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"စိုက်ပျိုးရေး" ကဏ္ဍ ၏ "ကိုယ်ပိုင်လုပ်ငန်း"တွင် ရပ်တည်နိုင်မှု "မြင့်" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်

CamScanner

လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အိမ်ခြေ ၁၄၈ရှိသည့်အနက် စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၁၀၃)အိမ်ထုတ်ကုန်လုပ်ငန်းမရှိပါ။ပယင်းတူးဖော်ခြင်းလုပ်ကိုင်သူ(၄)အိမ်၊ဈေးရောင်း(၂)အိမ်၊ ဓမ္မဆရာ လုပ်ကိုင်သောအိမ်(၃)၊ကျပန်းလုပ်ကိုင်သောအိမ် (၃၆)အိမ်၊စုစုပေါင်း(၁၄၈)အိမ်ဖြစ်ပါသည်။ ၄င်းတို့အနက် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (၂၉၃)ဦး ၊ အလုပ်သမား/ဝန်ထမ်းလုပ်ကိုင်သူ (၄၈)ဦးဖြစ်သည်။ ဇယား (၁) တွင် အလုပ်လုပ်နိုင်သော အရွယ် (၃၉၈) ဦးရှိသော်လည်း ယခုအလုပ်လုပ်ကိုင်သူ ဦးရေစုစုပေါင်းမှာ (၃၄၁) ဦးနှင့် အလုပ် လုပ်နိုင်သည့်အရွယ် အထက်တန်းနှင့်တက္ကသိုလ်တက်ရောက်နေ သူစုစုပေါင်(၁၃)မှ အပ အလုပ်လုပ်သည့်အရွယ်(၄၄)ဦး ကျန်ကျောင်းမနေတော့သည့်လူများမှာ အလုပ်လက်မဲ့ဖြစ်နေကြသည်။ (၁၄၈)အိမ်မှအလုပ်လုပ်နေသူ(၃၄၁) ဦးရှိသောကြောင့်မိသားစုစား၀တ်နေရေးအတွက် တစ်အိမ်ထောင် ပျမ်းမျှ (၂)ယောက်အလုပ်လုပ်နေကြောင်း သိနိုင်သည်။ တွဖက်လုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး ရှိသည်ကို ကြည့်ခြင်းအားဖြင့်၁၄၈ အိမ်မှ၃၄၂ ဦးသည်မိသားစု ရပ်တည်ရေးအတွက် လုပ်ငန်းတစ်မျိုးထက်ပို၍ လုပ်နေကြရသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၅၀၀၀	၅၀၀၀	၅၀၀၀	၅၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား				
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား				
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား				
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းအနေဖြင့်လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့် ပယင်းတူးဖော်ခြင်း ကုန်ရောင်းကုန်ဝယ်ပြုလုပ်ခြင်းများလုပ်ကိုင်ကြသည်ကို တွေ့ရသည်။ လယ်ယာ

CamScanner

စိုက်ပျိုးရေးလုပ်ငန်းသည် အမျိုးသား၊အမျိုးသမီး လုပ်အား၀ တန်းတူရကြပါသည်။ ကျေးရွာတွင် ကျား/မ လုပ်အား၀ သိသာစွာ ခွဲခြားမှုမရှိဘဲ တန်းတူ(၅၀၀၀) ရသည်ဟု သိရပါသည်။ သတ္တူတူးဖော်ရေးလုပ်ငန်း သည်နေ့စားလုပ်ကိုင်ခြင်းမဟုတ်ဘဲကိုယ်တိုင်တူးဖော်ဆောင်ရွက်ခြင်းနှင့် ကျင်းသားအဖြစ်လုပ်ကိုင်ရာတွင် သုံးပုံ တစ်ပုံရသည်ဟုသိရပါသည်။

(ဂ) သဘာ၀ရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၂၄၈	ကောင်း ☐	သင့်☑	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၀	ကောင်း ☐	သင့်☑	ညံ့ ☐
ဥယျာဉ်ခြံမြေ	၈၅၃	ကောင်း ☐	သင့်☑	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၀	ကောင်း ☐	သင့်☐	ညံ့ ☑
ခနိတောမြေ	၀	ကောင်း ☐	သင့်☐	ညံ့ ☑
စားကျက်မြေ	၀	ကောင်း ☐	သင့်☐	ညံ့ ☑
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☑
စုစုပေါင်း	၁၁၂၉	☒		

ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် လယ် ၂၄၈ ဧက၊ တောင်ယာမြေ ၂၀ဧက၊ ဥယျာဉ်ခြံမြေ ၈၅၃ ဧက စုစုပေါင်း မြေ(၁၁၂၉)ဧကရှိသည်။ ကိုင်း/ကျွန်းမြေမှာ မရှိပါ။ ကျန်စိုက်ပျိုးမြေများမှာ မြေဆီလွှာ အရည်အသွေးသင့်သည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာ၀ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာ၀ရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်၀န်းကျင်တွင် သဘာ၀အတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။)	များ ☐ သင့် ☐နည်း ☑ မရှိ ☐	လွယ် ☐ ခက်☑အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ခက်☐ အသုံးမပြုနိုင်ပါ ☑
သဘာ၀ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်၀င်အပင်များ)	များ ☐ သင့်☐ နည်း ☑ မရှိ ☐	လွယ် ☐ ခက်☒အသုံးမပြုနိုင်ပါ ☐
သဘာ၀ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

CamScanner

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် သဘာဝအရင်းအမြစ်များအနေဖြင့် ကျေးရွာနှင့်(၁၀)မိုင်နီးပါးဝေးသော နေရာတွင် ပယင်ကျောက်များ တူးဖော်ရရှိနိုင်ပါသည်။သဘာဝပေါက်ပင်များအနေဖြင့် သဘာဝပေါက် ဆေးဖက်ဝင်အပင်များမှာ မရှိကြောင်းတွေ့ရှိရပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု				
အိမ်အခြေအနေ				
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု				
အဓိကစီးပွားရေး လုပ်ငန်း				
အိမ်ထောင်စု (၁၄၈)	၁၆	၂၀	၂၄	၈၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ရွာသစ်ကုန်းကျေးရွာတွင် အိမ်ခြေ ၁၄၈ အိမ်ရှိပြီး အဆင့် ၁ (၁၆) အိမ် (၁၀.၈၁%)၊ အဆင့် ၂ (၂၀)အိမ် (၁၃.၅၁%)၊ အဆင့် ၃ (၂၄) အိမ် (၁၆.၂%)နှင့် အဆင့် ၄ (၈၈) အိမ် (၅၉.၄၅%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်း ပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့်မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့် ခွဲရာတွင် အဓိက အရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာနည်းပြီး ၁၄၈ အိမ်ထောင်စုအနက် (၃၆) အိမ်သာ ရှိသော်လည်းပိုင်ဆိုင်မှုအနေဖြင့် များပြားစွာ ပိုင်ဆိုင်မှုမရှိသော်လည် ဝမ်းစာလုံလောက်မှုရှိခြင်း၊ အဆင့် (၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေအိမ်ထောင်စု အရေအတွက်မှာ ၁၄၈ အိမ်အနက် ၁၁၂ အိမ်ရှိသည်။ အရေအတွက်များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် အများစုဖြစ်သော အဆင့် ၃ နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့် ၁ နှင့် အဆင့် ၂ အိမ် များသို့ ကျပမ်းသွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အလွန်နည်းသောကြောင့် ပြင်ပ (ပြည်တွင်း/ပြည်ပ) သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ကြရသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

အရွိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင့် (၃) အိမ်နှင့် အဆင့် (၄) ၁၁၂ အိမ်ရှိပြီး ဝမ်းစာဖူလုံမှုရှိကြပါသည်။

(၈-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁၈		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို များမရှိပါ။ သက်ကြီးရွယ်အိုရှိသော်လည် မိသားစုအတူနေထိုင်စားသောက်နေနိုင်တာဖြစ်ပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုမှာ ၁၈စု၊ ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စုနှင့် အခြားဒေသသို့ကြာမြင့်စွာသွား ရောက်နေထိုင်သည်မိသားစုများမရှိသော်လည်း ၄င်းတို့အတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့် အသက်မွေးဝမ်းလုပ်ငန်းကျွမ်းကျင်မှုရှိလာပါက ဆင်းရဲသားများ မိသားစုဝင်ငွေတိုးပွားလာ၍ စားဝတ်နေရေးအဆင်ပေးလာနိုင်ပါသည်။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိကပျိုးရေ)	မြင့် ☐	လတ် ☑	နိမ့်☐	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ

CamScanner

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
		☒			
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ ☒	လတ် ☐	နိမ့် ☐	မရှိ
၇	လျော်	မြင့် ☐ ☒	လတ် ☐	နိမ့် ☐	မရှိ
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☒
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐	လတ် ☑	နိမ့် ☑	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေအရ ရေကြီးခြင်း၊ သစ်တော ပြုန်းတီးမှုနှင့် ပြည်တွင်းပဋိပက္ခ ကျရောက်မှုတို့မှာ ထိခိုက်လွယ်မှုမြင့်သည်။ ရေကြီးခြင်းမြင့်ရခြင်းမှ ကျေးရွာတွင်နှစ်စဉ်ရေကြီးခြင်း၊ သစ်တောပြုန်းတီးမှု မြင့်ရခြင်းမှာ သစ်တောများကို စည်းကမ်းမရှိ ခုတ်လှဲခြင်း၊ ဥပဒေစိုးမိုးမှု အားနည်းခြင်း၊ ရွှေ့ ပြောင်းတောင်ယာစနစ်ကျင့်သုံးခြင်း တို့ကြောင့်ဖြစ်သည်။ ပြည်တွင်း ပဋိပက္ခမြင့်ရခြင်းမှာ ပြည်တွင်းစစ်ဖြစ်၍ ရွာသူ/သားများမှာကျေးရွာတွင် လုပ်ကိုင်စားသောက်ရန် အခွင့်အလမ်းနည်းသွားခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးကို များစွာထိခိုက်စေပါသည်။ တိရစ္ဆာန်ကူးစက်မှုရောဂါ ကျရောက်မှု မြင့်ရခြင်းမှာ တိမ်းကုဋ္ဌာနမှ ဝန်ဆောင်မှု လုံလောက်စွာ မရရှိနိုင်ခြင်းနှင့် ကာကွယ်ဆေးထိုးဝန်ဆောင်မှု မရှိခြင်းကြောင့်ဖြစ်သည်။ စားနပ်ရိက္ခာမဖူလုံမှုလတ်ဖြစ်ရခြင်းမှာ စိုက်ပျိုးထားသောလယ်များသည် မိုးရာသီတွင် ရေကြီးရေလျှံမှုများကြောင့် လယ်များရေနစ်မြုပ်၍ပျက်စီးရပါသည်။ သဘာဝအရင်းအမြစ်များဖြစ်သော စိုက်ပျိုးမြေမရှိခြင်းနှင့် ရေသွင်းစိုက်ပျိုးရန်ငွေကြေးမတတ်နိုင်ခြင်း၊ နည်းပညာများ မတတ်မြောက်ခြင်းတို့ကြောင့် လတ်ဖြစ်ရခြင်းဖြစ်ပါသည်။ ငှက်ဖျားရောဂါကျရောက်မှု ထိခိုက်လွယ်မှုလတ်ဖြစ်ရခြင်းမှာ ကျေးရွာပတ်ဝန်းကျင်တွင်ရေကြီးကျန်ရစ်ခဲ့သည့် အင်းထဲမှခြင်ပေါက်ပွားခြင်းနှင့်ဆင်းရဲသားမိသားစုမှာ ခြင်ထောင်သုံးစွဲ နိုင်ခြင်းမရှိသောကြောင့်ဖြစ်သည်။ ကိုယ်ခံအားကျဆင်းမှုရောဂါ ထိခိုက်လွယ်မှုလတ်ဖြစ်ရခြင်းမှာ မူးယစ်ဆေးဝါးသုံးစွဲသူများရှိပြီးငှင်းမှ တဆင့်ကူးစက်သောကြောင့်ဖြစ်သည်။ ကျန် ထိခိုက်လွယ်မှု အမျိုးအစားများမှာ နိမ့်ဖြစ်သည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော	မြင့် ☑	လတ် ☐	နိမ့် ☐	မရှိ ☐

CamScanner

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ကာတစ်ခုကိုသာ ရွေးရန်)			
	အဘယ်တွင် နေထိုင်သူ				
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☑	လတ် ☐	နိမ့်☐	မရှိ ☐
